**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၊ ၂ / ၂၀၂၄**

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်)

**Ethylene Oxide အား ကန့်သတ်ဓာတုပစ္စည်းအဖြစ် သတ်မှတ်ခြင်း**

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၅ ၊ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မ၄၇ ၊ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ Ethylene Oxide Gas အား ပိုးသတ်ဆေး(Insecticide) အဖြစ်အသုံးပြုခြင်း မဟုတ်ဘဲ ယင်းကို အသုံးပြု၍ ပိုးသတ်သန့်စင်ခြင်းဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များနှင့်အညီ ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးနှင့် အခြားထုတ်ကုန်လုပ်ငန်းဖြစ်သော တစ်ခါသုံးခွဲစိတ်ခန်းသုံးဝတ်စုံများ၊ ကျန်းမာရေးသုံးဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သည့် ဓာတုကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ရေးတို့အတွက် Ethylene Oxide အား ကန့်သတ်ဓာတုပစ္စည်းအဖြစ် သတ်မှတ်လိုက်သည်။

၃။ အဆိုပါ Ethylene Oxide ကိုအသုံးပြု၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သည့် လိုင်စင်နှင့်မှတ်ပုံတင်လက်မှတ်ရရှိသူများသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအပြင် အောက်ပါတို့ကို လိုက်နာရမည်-

(က) Ethylene Oxide Gas ကို ကိုင်တွယ်အသုံးပြုမည့်သူများသည် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းအား ကြိုတင်တက်ရောက်ထားရမည်ဖြစ်ခြင်း၊

(ခ) အန္တရာယ်ကင်းရှင်းမှုအဆင့်မှတ်တမ်းလွှာ (Material Safety Data Sheet – MSDS) ရှိ Hazard Identification, First – aid Measures, Fire Fighting Measures, Measures for Accident (Accidental Release Measures), Handling and Storage, Exposure Controls/ Personal Protection, Disposal Considerations, Transport Information များအား မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊

(ဂ) ဓာတုပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းနှင့် တံဆိပ်ကပ်ရာတွင် တစ်ကမ္ဘာလုံးညီညွတ်သည့်စနစ် (Globally Harmonized System of Classification and Labeling of Chemicals) ၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်းကို မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊

(ဃ) မှတ်ပုံတင်ခြင်းပြုလုပ်ရာတွင် မိမိလုပ်ငန်းနှင့်ကိုက်ညီသော ပမာဏကိုသာ မှတ်ပုံတင်ထားပြီး ယင်းပမာဏထက် ကျော်လွန်၍ တင်သွင်းမှု မပြုခြင်း၊

(င) အသုံးပြုရာမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား (ကွန်တိန်နာပုံးများ အပါအဝင်) စွန့်ပစ်ရာတွင် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းများ (Waste Treatment Facilities) သို့တည်းမဟုတ် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများသို့ ပေးပို့စေပြီး Proper Disposal နည်းလမ်းဖြင့် စွန့်ပစ်ခြင်း။

ဥက္ကဋ္ဌ

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ

တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

စာအမှတ်၊ ၁၅၀၁(၁)/စမရ(၄-ဥ) /၂၀၂၄ ( ၂၉၀ )

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

(..........................................................................................ဝန်ကြီးဌာန)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

...................................တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များ နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် } ညီနောင်အသင်းအဖွဲ့များထံ ထပ်ဆင့်ဖြန့်ဝေပေးပါရန်

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့အဖွဲ့ဝင်များအားလုံး

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များအားလုံး

ဥက္ကဋ္ဌ၊ နေပြည်တော်ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့

အတွင်းရေးမှူး၊ နေပြည်တော်ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့

ဥက္ကဋ္ဌ၊
________________________________တိုင်းဒေသကြီး/ ပြည်နယ်ဓာတုပစ္စည်းနှင့်
ဆက်စပ်ပစ္စည်း များအန္တရာယ်မှတားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့

အတွင်းရေးမှူး၊
________________________________တိုင်းဒေသကြီး/ ပြည်နယ် ဓာတုပစ္စည်းနှင့်
ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့

} သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ဆက်လက်ဖြန့်ဝေပေးပါရန်

ဤဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/လုပ်ငန်းများအားလုံး
(..........................................................................)

ညွှန်ကြားရေးမှူးချုပ်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ( မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် )

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ